# အိမ်၌ ကျန်းမာရေးအတွက်ကောင်းသောအသက်ရှုခြင်း

Early Childhood National Centers

NATIONAL CENTER ON
Early Childhood Health and Wellness

တစ်နိုင်ငံလုံးဆိုင်ရာစင်တာမှ မိသားစုများအတွက် သက်ငယ်ကလေးဘဝကျန်းမာရေးနှင့်ကျန်းမာကြံ့ခိုင်မှု ဆိုင်ရာနည်းလမ်းများ

## ပန်းနာရောဂါကိုကြိုတင်ကာကွယ်တားဆီးရန်ပါဝင်ကူညီပါ - သင့်အိမ်ကို ဆေးလိပ်ငွေ့ကင်းမဲ့သောအိမ်အဖြစ်ထားပါ။

### ၎င်းသည်အဘယ်ကြောင့်အရေးပါသနည်း။

- ကလေးများသည် အချိန်တိုင်းတွင် ဆေးလိပ်ငွေ့ကင်းမဲ့သောနေရာများတွင်သာ ရှိသင့်ပါသည်။
- တို့သည် ပန်းနာရောဂါဖြစ်ပွားစေသော မီးပွားတစ်ခုဖြစ်သည်။ သို့သော် ၎င်းတို့ကိုသင်ရှောင်ကြဉ်နိုင်ပါသည်။
- စီးကရက်အငွေ့ နှင့် အီလက်ထရောနစ်စီးကရက်အငွေ့တွင် ကင်ဆာဖြစ်ပွားစေနိုင်သောအချို့သောဓာတုပစ္စည်းများ ပါဝင်သည်။

### အီလက်ထရောနစ်စီးကရက် (သို့) vapes ဆိုသည်မှာမည်သည်နည်း။

အီလက်ထရောနစ်စီးကရက်သည် အရည်များ နှင့် နီကိုဒင်းအရသာပါဝင်သောရေငွေ့ကို လွှတ်ထုတ်သည်။ ၎င်းရေငွေ့သည်အန္တရာယ်ကင်းသည်ဟူ၍မဟုတ်ပါ။ ၎င်းရေငွေ့သည် ကလေးများ၏အဆုတ်ကြီးထွားမှုကို ထိခိုက်စေနိုင်သည်။

### ပန်းနာရောဂါဆိုသည်မှာအဘယ်နည်း။

ပန်းနာရောဂါသည် အသက်ရှူလမ်းကြောင်းရောင်ခြင်း နှင့် ကျဉ်းမြောင်းခြင်းတို့ကိုဖြစ်စေသောအခြေအနေမျိုး ဖြစ်သည်။ ပန်းနာရောဂါသည် ရင်ဘက်နာခြင်း၊ မောပန်းခြင်းတို့ကို ဖြစ်စေနိုင်ပြီး လူတို့ကို ခွဲသလိုပ်သံဖြင့်အသက်ရှူခြင်း/ စကားပြောခြင်း နှင့် ချောင်းဆိုးခြင်းတို့ကို ဖြစ်စေသည်။

### Secondhand Smoke ဆိုသည်မှာမည်သည်နည်း။

Secondhand smoke သည် လေထဲရှိဆေးလိပ်ငွေ့နံ့ကို ဆိုလိုပါသည်။ စီးကရက်များ၊ အီလက်ထရောနစ်စီးကရက် (သို့) vapes၊ ဆေးတံ နှင့် ဆေးပြင်းလိပ်မှ လူတို့ရှူသွင်းလိုက်သောဆေးလိပ်ငွေ့ဖြစ်သည်။

### Thirdhand Smoke ဆိုသည်မှာမည်သည်နည်း။

Thirdhand smoke သည် တစ်စုံတစ်ယောက်က ဆေးလိပ်သောက်သုံးပြီးတောင်မှ အဝတ်အထည်၊ မျက်နှာပြင်ပေါ်တွင်ကျန်နေသော ဆေးလိပ်ငွေ့နံ့ဖြစ်သည်။



## သင့်ကလေးကိုကူညီနိုင်မည့် သင်ပြုလုပ်နိုင်သောအရာများ

- ပန်းနာရောဂါရှိသောကလေးကိုကူညီနိုင်မည့် သင်ပြုလုပ်နိုင်သောအရေးကြီးဆုံးအရာတစ်ခုမှာ ဆေးလိပ်ငွေ့ကင်းမဲ့သောအိမ်အဖြစ်ရှိရန်ဖြစ်ပါသည်။
- Secondhand smoke သည် ဘယ်တော့မှစိတ်မချရပါ။
- Secondhand smoke သည် ရောဂါကူးစက်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။
- အဘယ်ကြောင့်ဆိုသော် ကလေးများသည်ပိုမိုငယ်ရွယ်ပြီး ကြီးထွားနေသေးသောကြောင့်ဖြစ်သည်။ Secondhand smoke သည်အရွယ်ရောက်လူများထက် ကလေးများကို ပို၍တောင်အန္တရာယ်ဖြစ်စေပါသည်။
- အခြားသောကျန်းမာရေးပြဿနာများထက်ပိုပြီး ပန်းနာရောဂါအတွက် ကလေးများသည်မကြာခဏ ဆေးရုံတက်ကြသည်။
- ပန်းနာရောဂါရှိသောကလေးများသည် ပန်းနာရောဂါမရှိသောကလေးများထက်ပိုပြီး ကျောင်းပျက်ရက် ပိုများသည်။
- ကလေးတွင်ပန်းနာရောဂါရှိခဲ့ပါက လေထဲတွင်ရှိသော ဆေးလိပ်ငွေ့နံ့ကိုရှူခြင်းသည် ပိုမိုပြင်းထန်သော ရုတ်တရက်ပန်းနာရောဂါထခြင်းကို ဖြစ်စေနိုင်ပါသည်။
- လေထဲတွင်ဆေးလိပ်ငွေ့ရှိသောနေ ရာအနီးအနားတွ င်နေခြင်းသည် ပန်းနာရောဂါမရှိသောကလေးများအတွက် ပင်လျှင် ပန်းနာရောဂါကဲ့သို့သောလက္ခဏာမျိုးရရှိစေနိုင်ပါသည်။
- ဆေးလိပ်ငွေ့မှဓာတုပစ္စည်းများ (thirdhand smoke) သည် စီးကရက်မီးငြိမ်းသွားပြီးနောက် လေထဲ နှင့် သင့်အဝတ်အစား ပေါ်တွင် ရက်အတော်ကြာ (သို့) အပတ်အတော်ကြာ ရှိနေနိုင်သည်။
- Thirdhand smoke သည်ဘယ်တော့မှစိတ်မချရပါ။
- သင့်ကလေးအထူးကုဆရာဝန်သည် သင် (သို့) အခြားသူများကို ဆေးလိပ်ပြတ်အောင်ကူညီနိုင်ပါသည်။